

# အောင်မင်းအောင်

# မြစိမ်းတောင်မှ မြစိမ်းရောင်ချစ်သူ

# အမှာစာ

ကျွန်တော့်အနေနှင့် စာဖတ်ပရိသတ်များကို ရသနှစ်မျိုး ပေးနိုင်ရန် အတွက် "အောင်မင်းအောင်" ကလောင်အမည်ဖြင့် စွန့်စားမှု အသား ပေးသော ဝတ္ထုများကို ရေးသား ဖန်တီးခဲ့ပါတယ်။

"အောင်မင်းအောင်" ကလောင်အမည်ကို ၁၉၉၄ ခုနှစ်ဝန်းကျင်က အခန်းဆက် ဝတ္ထုရှည်များကို ရေးသားခဲ့စဉ် ကတည်းကပင် အသုံးပြုခဲ့ သော အမည် ဖြစ်ပါတယ်။

ထိုသို့ ကလောင်ခွဲရာတွင် အကြောင်းအရာနှင့် ပေးလိုက်သော ရသ နှစ်မျိုး မထပ်ရအောင်၊ မတူရအောင် ကြိုးစားနေပါတယ်၊ ရှေ့ဆက်ပြီး အောင်မင်းအောင် ကလောင်အမည်ဖြင့် ရေးသားထားသော ဂမ္ဘီရ ဆန်းကြယ် လျှို့ဝှက်စွန့်စားဝတ္ထုများကို ဉာဏ်ဝင်းစာပေတိုက်နှင့် ဆက် တိုက် ထုတ်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်လျက် ရှိပါ တယ်။

"တြိစက္က" အမည်ဖြင့်ဖြစ်စေ၊ "အောင်မင်းအောင်" ကလောင်အမည် ဖြင့် ဖြစ်စေ ကျွန်တော် ရေးသား သော ဝတ္ထုများ နှင့် ပတ်သက်၍ ဝေဖန်အကြံပြုစာများ ရေးထားလိုပါက သက်ဆိုင်ရာ စာပေတိုက်များမှ တစ်ဆင့် ရေးသားနိုင်ပါကြောင်း တင်ပြရင်း ကျွန်တော်ရဲ့ စာဖတ်ပရိသ တ်များ ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာစေရန် ဆုတောင်းမေတ္တာပို့ သ လိုက်ပါတယ်။

စာဖတ်သူများ ရဲ့ မေတ္တာရိပ်အောက်မှ

**အောင်မင်းအောင်**

***

**ဒဿနလက်ဆောင်**

လူဆိုတာ

အညွန့်တလူလူ တက်နေအောင်

အမြဲ ကြိုးစားနိုင်မှ

'လူ' လို့ သတ်မှတ်နိုင်ပါတယ်...

အဲဒီလို အညွန့်လူနိုင်ဖို့

အမြစ်အားတွေ ကောင်းအောင်

ရေလောင်းပေါင်းသင်ပေးရပါတယ်...

***

**ဒဿနလက်ဆောင်**

'လူဆိုတာ တွေးတတ်တဲ့ သတ္တဝါ'

လို့ ဆိုတယ်...

ပြဿနာတစ်ခုပေါ်လာရင်

(What) ဘာလဲ၊ (When) ဘယ်တုန်းကလဲ၊

(Where) ဘယ်မှာ လဲ၊ (How) ဘယ်လိုဖြစ်တာလဲ၊

(Why) ဘာကြောင့် ဖြစ်တာလဲ။

အဲဒီ ဘ ငါးလုံးလမ်းစဉ်အတိုင်း

တွေးတောဆင်ခြင်ရမယ်

***

## ဒဿနလက်ဆောင်

လူတစ်ယောက်ရဲ့ စွမ်းရည်တွေထဲမှာ 'ဉာဏ်'

ဆိုတဲ့ လက်နက်ကောင်းတစ်ခုပါတယ်။

အဲဒီ ဉာဏ်ဆိုတဲ့ လက်နက်အမြဲတက်နေစေဖို့

ဝီရိယနဲ့ သွေးရပါတယ်...

ကိုယ့်မှာ လက်နက်ရှိပါလျက်နဲ့ မသုံးဘဲ

ပစ်ထားရင်တော့ တုံးပြီး သံချေးတက်သွားနိုင်ပါတယ်

***

ဒဿနလက်ဆောင်

ချစ်သူကို တစ်ကြိမ် နမ်းဖို့
ကြိုးစားနေတာထက်
သူ စိတ်ချမ်းသာအောင် ဘယ်လိုလုပ်ပေးသင့်တယ်ဆိုတာ
အရင်စဉ်းစားပါ။

***

ဒဿနလက်ဆောင်

ယောက်ျားလေးပဲဖြစ်စေ...
မိန်းကလေးပဲဖြစ်စေ...
ဟန်ဆောင်မှု တစ်ခုကို သုံးပြီး အချစ်တစ်ခုကို ရအောင်
ယူခဲ့မယ်ဆိုရင် တစ်နေ့ကျရင် ကိုယ့်ကို ဒုက္ခပြန်ပေးမယ့်
အဆိပ်ပင်ကို ပြုစုပျိုးထောင်နေရတာနဲ့ တူပါတယ်

***

ဒဿနလက်ဆောင်

ကျွန်တော် ငယ်စဉ်က ဆရာကြီးတစ်ယောက်ရဲ့

ဩဝါဒ စကားကို အမှတ်ရနေမိပါတယ်…

ဘဝဆိုတာ ချိန်ခွင်လျှာလိုပဲတဲ့ …

ငယ်ငယ်က ပေါ့ပေါ့နေရင် ကြီးလာရင် လေးလေးပင်ပင်

ဝန်တွေထမ်းရလိမ့်မယ်၊

ငယ်ငယ်က လေးလေးပင်ပင် ထမ်းခဲ့မှ ကြီးတဲ့ အခါ

ပေါ့ပေါ့ပါးပါး ထမ်းရလိမ့်မယ်တဲ့ ၊

(ပညာကို ငယ်စဉ်က ကြိုးစားမသင်ခဲ့ရင် ကြီးလာရင်

ပင်ပန်းမယ်၊ ပညာကို ကြိုးစားသင်မှ ကြီးတဲ့ အခါ

သက်သာမယ်ဆိုတဲ့ ဩဝါဒပါ)

***

ဒဿနလက်ဆောင်

အချစ်ဆိုတာကတော့ ဘယ်သူမှ သင်စရာ မလိုပါဘူး။

ဒါပေမဲ့ အချစ်နဲ့ ပတ်သက်တဲ့ ဆက်နွယ်မှုတွေကတော့

သင်လို မကုန်နိုင်အောင် များ လှပါတယ်

***

ဒဿနလက်ဆောင်

သင်ကိုယ်တိုင် အန္တရာယ်များ လှတဲ့ လမ်းတွေပေါ်မှာ

မလျှောက်ခဲ့ဖူးဘဲနဲ့   နောက်ကလူတွေအတွက် ဘယ်လိုမှ

လမ်းပြပေးနိုင်မှာ မဟုတ်ပါဘူး

***

ဒဿနလက်ဆောင်

အမှားတစ်ခုကို

နောင်တနဲ့ မချေဖျက်ပါနဲ့

ပြုပြင်ပြောင်းလဲခြင်းများ ဖြင့်သာ

ဆေးကြောပစ်လိုက်ပါ။

***

## ဒဿနလက်ဆောင်

မိန်းမတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို သွေးတိုးမစမ်းနဲ့ ၊

မိန်းမတစ်ယေက်ရဲ့ မာနကို ဥပေက္ခာမပြုပါနဲ့ ၊

မိန်းမတစ်ယောက်ရဲ့ အချစ်ကို နားမလည်ရင်တောင်မှ

'အချိန်' ဆိုတဲ့ ပညာရှိတစ်ဦးနဲ့ တိုင်ပင်ပြီး

ဆုံးဖြတ်သင့်ပါတယ်

***

## ဒဿနလက်ဆောင်

အတောင်နှစ်ဖက်ရှိတာချင်းတူပါရက်နဲ့

လေဆန်ပျံတက်နိုင်တဲ့ ငှက်ဟာ

လူတွေလက်ချက်နဲ့ အသက်မသေနိုင်ဘူး၊

မြေပေါ်မှာ ယက်နေတဲ့ ကြက်သာ တစ်ကောင်

ပြီးတစ်ကောင် အသတ်ခံနေကြရတာပါ

***

## ဒဿနလက်ဆောင်

အမြစ်ဟောင်းပုတ်၍ သေသွားသော်

သစ်ပင်ကို နှမြောနေမည့် အစား

ထိုနေရာတွင် အမြစ်သစ်နှင့်

ရှင်သန်နိုင်မည့် သစ်ပင်တစ်ပင်ကိုသာ

စိုက်ပျိုးလိုက်ပါ

***

## ဒဿနလက်ဆောင်

ကမ်းပါးထိပ်ပေါ်မှာ ရှိတဲ့ သစ်ပင်တစ်ပင်ဟာ သူ့ဆီကို

ဦးတည်စီးဆင်းလာနေတဲ့ ရေစီးကြောင်းကလေးကို

ကြည့်ပြီး သဘောကျနေတယ်။

သူ့စိတ်ထဲမှာ တော့ ရေစီးကြောင်းကလေးက သူ့ကို

ဦးခိုက်လာနေတယ်လို့ ထင်နေတယ်၊

နောက်ဆုံးတော့ အဲဒီရေစီးကြောင်းကလေးက

ရေစီးကြောင်းကြီး ဖြစ်လာတဲ့ အခါမှာ သစ်ပင်ဟာ

ကမ်းပါးပေါ်က ဆင်းပေးလိုက်ရတယ်

***

## ဒဿနလက်ဆောင်

ကိစ္စတစ်ခုခုကို ပြီးစီးဖြစ်မြောက် အောင်အောင်မြင်မြင်

လုပ်ဆောင်နိုင်တဲ့ စွမ်းရည်…

ဒါမှ မဟုတ် စွမ်းအင် (Energy) ရဲ့ အင်အားဟာ

လူ့ဘဝမှာ အလွန်အရေးပါပါတယ်…

အဲဒီ ပါဝါက တခြားကလာတာ မဟုတ်ပါဘူး

ကိုယ့်ရဲ့ ကိုယ်ထဲမှာ ပဲ ရှိပါတယ်…

***

# အခန်း (၁)
# စောဒေဝီနှင့် ထူးဆန်းသော အိပ်မက်

မျက်စိထဲမှာ တွေ့နေရသော မြင်ကွင်းများက ပထမတော့ မှုန်ဝါးနေသည် ။ အားစိုက်၍ ကြည့်လိုက် သောအခါမှ အနည်းငယ် ကြည်လင်လာသည် ။

သူ မြင်ကွင်းထဲမှာ ပထမဆုံး သတိပြုမိလိုက်သော နေရာမှာ မြစိမ်းတောင်ကျွန်းကြီးပင် ဖြစ်၏။ မြစိမ်းတောင်ကျွန်းကြီးကိုတော့ သူမအနေနှင့် ကောင်းစွာ မှတ်မိလေသည် ။

အဘယ်ကြောင့် ဆိုသော်... သူတို့ သုတေသန ပြုလုပ်ရာ အခြေစိုက်နေထိုင်သော နေရာတစ်ခု ဖြစ် သောကြောင့် ပင်။

တစ်ခု ထူးခြားနေသည် က သူမ မျက်စိထဲမှာ မြင်နေရသော မြင်ကွင်းများမှာ မြစိမ်းတောင် ကျွန်းကြီး အပေါ်ဘက် မဟုတ်ဘဲ ၎င်းနှင့် အနီးတစ်ဝိုက်မှာ ရှိသော ပင်လယ်ရေအောက် ရှုခင်းများ ပင် ဖြစ်၏။

မြစိမ်းတောင်ကျွန်းကြီးမှာ ဧရိယာ အကျယ်အဝန်း ကြီးမားသလောက် ၎င်းကျွန်းနှင့် ဆက်စပ်လျက်ရှိ သော ရေအောက် ဧရိယာမှာ လည်း ကျယ်ဝန်းလှသည် ။

ထိုအထဲတွင် နစ်မြုပ်နေသော မီးတောင်ဟောင်းများ လည်း အပါအဝင်ဖြစ်သည် ။ ရေအောက်တွင် ထိုကဲ့ သို့ နစ်မြုပ်လျက်ရှိသော

မီးတောင်ပေါက်ဟောင်းများ မရေမတွက်နိုင်အောင် ရှိလေသည်။

အချို့တောင်ကြီးများမှာ ကျွန်းအောက် ပတ်ဝန်းကျင် တစ်ဝိုက်မှာ ပင် ရှိကြသည်။ မြစိမ်းတောင်ကျွန်း အနီးရှိ ပင်လယ်ပြင် ဧရိယာမှာ ကျယ်ဝန်းနက်ရှိုင်းလှသည် ။ အချို့နေရာတွင် ရေစူးအနက်မှာ ပေတစ်သောင်း ကျော်အထိ နက်ပေရာ သာမန် ရောက်ဖို့ ရန် မလွယ်ကူသော နေရာများ လည်း ရှိပေသည်။

အချို့နေရာများ တွင် ချောက်ကမ်းပါးကြီးများ ရှိရာ အချို့နေရာများ ဆိုလျှင် ဘယ်ရွေ့ဘယ်မျှ နက်ရှိုင်း မည်ကို မသိနိုင်အောင် ရှိသည်။

ရေအောက်၌ ရှိသော တောင်များမှာ အချို့ သာမန်မျှသာ အမြင့်ရှိသော်လည်း အချို့မှာ ပေပေါင်း သောင်းချီ၍ မြင့်လှပေသည်။

အတော်များများမှာ တော့ ရေအောက်တွင် နစ်မြုပ်နေသော ပင်လယ်မီးတောင်ဟောင်းများ ပင် ဖြစ်ပေ တော့သည်။

မြစိမ်းတောင်ကျွန်းကြီးပေါ်မှာ ဒေါက်တာမင်းထင်ကျော် ခေါင်းဆောင်၍ လုပ်ကိုင်နေသော 'အဏ္ဏဝါ သုတေသန စီမံကိန်း' ပြုလုပ်ရာ အဆောက်အဦများ ရှိပေသည်။

သူတို့ အဖွဲ့သည် ပင်လယ်ပင်ကြီးအောက်၌ ရှိသော သဘာဝသစ်ပင်များ ၊ သတ္တဝါများ ၊ သံယံဇာတ ပစ္စည်းများ နှင့် မီးတောင်များကို လေ့လာသုတေသန ပြုနေကြခြင်း ဖြစ်သည်။

အခြေစိုက်စခန်းကို မြစိမ်းတောင်ကျွန်းပေါ်မှာ ထားပြီး သင်္ဘောများ ၊ ခေတ်မီကိရိယာများကို အသုံးပြု ၍ ပင်လယ်ပြင်အနှံ့ လိုက်လံ၍ မှတ်တမ်းတင် သုတေသန ပြုနေကြခြင်း ဖြစ်သည်။

ထိုသို့ ပြုလုပ်ရာတွင် သူတို့ အတွက် အန္တရာယ်များ အခက်အခဲများ

နှင့် တွေ့ရကြုံရသော်လည်း အကျိုး အမြတ်များ စွာကိုလည်း ရရှိခဲ့ကြသည် ။

ရှေးနှစ်ပေါင်းများ စွာမှ ရေအောက်၌ နစ်မြုပ်နေသော သင်္ဘောပျက်ကြီးများ အတွင်းမှ ရွှေငွေရတနာ ပစ္စည်း အမြောက်အများ နှင့် အဖိုးတန်ရှေးဟောင်းပစ္စည်းများကို ရရှိခဲ့ကြရာ ၎င်းတို့ လုပ်ငန်းမှာ တစ်စတစ်စ တိုးတက်ကြီးပွားလာခဲ့လေသည် ။ ဒေါက်တာမင်းထင်ကျော်သည် အသက် ၃၀ ကျော် အရွယ်ခန့်ရှိပြီး ခေတ် ပညာတတ် လူရွယ်တစ်ဦး ဖြစ်သည် ။ သူသည် သုတေသနလုပ်ငန်းများကို များ စွာစိတ်ဝင်စားသူတစ်ဦး ဖြစ် လေသည် ။

ဒေါက်တာမင်းထင်ကျော်သည် ရေအောက်ရတနာ ရှာဖွေရေး လုပ်ငန်းကို ပိုမိုစိတ်ဝင်စား ထက်သန်လာ သောကြောင့် လည်းကောင်း၊ စွန့်စွန့်စားစား လုပ်လိုသော ဝါသနာစိတ်ဓာတ် ပြင်းထန်သူဖြစ်သောကြောင့် လည်း ကောင်း ကမ္ဘာအရပ်ရပ်ရှိ ပင်လယ်၊ သမုဒ္ဒရာအောက်တွင် နစ်မြုပ်ခဲ့သော ရှေးဟောင်း ရတနာရွက်လှေကြီးများ ၊ ပင်လယ်ဓားပြရွက်လှေကြီးများ ၊ စပိန် ဘုရင်ရွက်လှေကြီးများ ၊ ပေါ်တူဂီ ကုန်သည် ရွက်လှေကြီးများ နစ်မြုပ်ခဲ့ သမျှကို လိုက်လံရှာဖွေ ၎ပ်ယူရန် စဉ်းစား စီစဉ်လိုက်သည် ။

ထိုသို့ လုပ်ကိုင်ရန် ဝါသနာပါရာဘက်သို့ စဉ်းစားလိုက်မိသည် နှင့် တစ်ပြိုင်နက် မိမိ၏ ပညာရေး သမိုင်းပါရဂူအမ်အေ၊ ပီအပ်ချ်ဒီ ဒေါက်တာဘွဲ့နှင့် လုံးဝ မနီးစပ်သော ရေကြောင်းပညာကို သင်ရန် ဆုံးဖြတ်လိုက်သည် ။

ဒေါက်တာမင်းထင်ကျော်သည် ဗြိတိသျှ ကုန်သွယ်ရေကြောင်း သိပ္ပံ ပညာသင် တက္ကသိုလ်မှ အောင်မြင် ခဲ့ပြီးနောက် ရေအောက် ရတနာ

သိုက်များကို ရှာဖွေနိုင်ရန်အတွက် ရေအောက် သင်္ဘောရှာဖွေရေးဘက်သို့ ဝါသနာပါသည့် အလျောက် သက်စွန့်ဆံဖျား ခြေစုံပစ်ဝင်ခဲ့သည် ။

ဒေါက်တာမင်းထင်ကျော်သည် ပထမဆုံးအကြိမ် ရေအောက်ရတနာသိုက် ရှာဖွေရေး လုပ်ငန်းကို အမေရိကန်ပြည်ထောင်စု၊ ဖလော်ရီဒါပြည်နယ်၊ ကီးဝက်စ်မြို့နေ ကြက်မွေးမြူရေး လုပ်ငန်းပိုင်ရှင်ကြီး မစ္စတာ မဲလ်ဖစ်ရှားနှင့် မိတ်ဆွေဖြစ် စကားစပ်မိကြရာမှ ဒေါက်တာမင်းထင်ကျော်နှင့် ဦးဆောင်ရှာဖွေခဲ့ကြ၏။ ဒေါက်တာမင်းထင်ကျော်သည် ရှေးသမိုင်းကြောင်း၊ ရာဇဝင်ကြောင်း အထောက်အထားများကို လေ့လာမှုတည် ပြီး လိုက်လံရှာဖွေခဲ့စဉ် လွန်ခဲ့သော (၁၇) ရာစုနှစ်အတွင်းကနစ်မြုပ်ခဲ့သည့် စပိန်ရွက်သင်္ဘောကြီး တစ်စင်းကို ရှာဖွေရာ နှစ်လအတွင်း တွေ့ရှိခဲ့သည် ။

ဒေါက်တာမင်းထင်ကျော် ဦးဆောင်စီစဉ် ညွှန်ကြားပြသ လုပ်ဆောင်ရှာဖွေမှုကြောင့် အတွင်းရှိ ငွေ ချောင်း၊ ရွှေချောင်းများ ၊ ရှေးဟောင်းဒင်္ဂါးများ ၊ ကျောက်မျက်ရတနာများ ပါ ရရှိခဲ့သည် ။ စပိန်ရွက်သင်္ဘော အတွင်းမှ ထီးသုံးနန်းသုံး ကျောက်မျက်ရတနာလက်ဝတ်လက်စားများ အမြောက်အမြား ရရှိခဲ့သည် ။ စုစုပေါင်း ဒေါ်လာသန်း (၄၀၀) ကျော် ရရှိခဲ့၏။

ဒေါက်တာမင်းထင်ကျော်သည် ပွဲဦးထွက် ပထမဦးဆုံး ဦးဆောင်စီစဉ်ညွှန်ကြား ပြသရှာဖွေရာ ဒေါ်လာ သန်း (၄၀၀) ကျော် ရရှိခဲ့သောကြောင့် နာမည်ကျော်ကြား လူသိများ လာခဲ့၏။

သို့သော် အရင်းအနှီး အဓိက စိုက်ထုတ်သူ ကြက်မွေးမြူရေး လုပ်ငန်းပိုင်ရှင်ကြီး မစ္စတမဲလ်ဖစ်ရှား၏ သစ္စာမရှိမှု၊ တစ်ကိုယ်ကောင်းဆန်မှု၊ ကတိမတည် လောဘကြီးမှုတို့ ကြောင့် အခြား အစုစပ်ငွေ စိုက်

ထုတ်သူ များ နှင့် အမှုအခင်းများ ဖြစ်ကြကာ ဝေစုမတည့် တရားစွဲဆို ကြသည် အထိ ဖြစ်လာကြ၏။

ဒေါက်တာမင်းထင်ကျော်ကို ဦးဆောင်စီစဉ် ရှာဖွေညွှန်ကြားပြသ ထုတ်ယူမှုအတွက် ဒေါ်လာတစ်သိန်း သာ ပေးသောကြောင့် မစ္စတာမဲလ် ဖစ်ရှားနှင့် ရှေ့ဆက်မပေါင်းတော့ဘဲ လမ်းခွဲထွက်လာခဲ့၏။

အပိုင်စီး၍ ထွက်သွားခဲ့သူ မစ္စတာမဲလ်ဖစ်ရှားသည် မိမိ၏ ရေအောက်ရတနာသိုက် ရှာဖွေရေး မှတ်ပုံ တင်ပြီးသား ကုမ္ပဏီနှင့် ရေငုပ်ပစ္စည်းများ နှင့် တကွ ရှာဖွေရေး သင်္ဘောတို့ ကိုပါ အားလုံး စုစုပေါင်း ဒေါ်လာ (၇) သိန်းနှင့် ရောင်းလိုက်ပြီး လမ်းစပျောက်သွား၏။ မစ္စတာမဲလ်ဖစ်ရှားသည် အနောက် အိန္ဒိယကျွန်းစု ဝက်စ်အင်း ဒီးစ်ရှိဘာမြူဒါကျွန်း (Bermuda Island) ပေါ်တွင် ရေအောက် ရတနာသိုက် ရှာဖွေရေးသမားများ အတွက် ရည်ရွယ်လျက် ဒေါ်လာသန်းပေါင်း (၈၀) ကျော် အကုန်အကျခံကာ ဂေါက်ကွင်းကြီးများ ၊ ဟိုတယ်ကြီးများ ၊ သင်္ဘောငယ်များ၊ မော်တော်ဘုတ်များကို ဘာမြူဒါကျွန်းရှိ ဘာမြူဒါမြို့ (Bermuda City) ပေါ်တွင် ရေအောက် ရတနာသိုက် သူဌေးကြီး မစ္စတာမဲလ်ဖစ်ရှား၏ အမည်မှာ မသိသူ ရှားမှ ရှားအောင် နာမည်ကျော်ကြား လူသိများ ထင်ရှားလှ၏။

မင်းထင်ကျော်သည် ပင်လယ်လုပ်ငန်း လုပ်သက် အတွေ့အကြုံ (Sea Service) ပြည့်လာသည် နှင့် အင်္ဂလန်သို့ပြန်၍ ပင်လယ်ရေကြောင်း ပိုင်းဆိုင်ရာ စာမေးပွဲများကို အဆင့်ဆင့် ဖြေဆိုသွားရာ အင်္ဂလန်တွင် ရေ ကြောင်း ပီအိပ်ချ်ဒီ ဒေါက်တာပါရဂူဘွဲ့ထူးကြီးကို ထပ်မံရသွား၏။ ပင်လယ်ရေကြောင်းလုပ်ငန်း လုပ်သက်နှစ် ပြည့်ပြီးတိုင်း အမေရိကန်သို့ သွားရောက် စာမေးပွဲဖြေဆိုခဲ့ရာ နောက်ထပ်မံ၍ ရေကြောင်း ပီအိပ်

ချ်ဒီဘွဲ့ကို ရရှိ အောင်မြင်ခဲ့၏။

ဒေါက်တာမင်းထင်ကျော်သည် တစ်ကိုယ်တော် ရေအောက်ရတနာ ရှာဖွေရေး လုပ်ငန်းများ နှင့် လုံး၀ မပေါင်းတော့ဘဲ စနစ်တကျ မှတ်ပုံတင်ဖွဲ့စည်းထားသော ကုမ္ပဏီပေါင်း (၉၀) ခန့်နှင့် ဆက်သွယ်စုံစမ်းရာ ရေအောက်ရတနာသိုက် ရှာဖွေရေး 'ရှာတန်ဝီလျံ လီမိတက် ကုမ္ပဏီကြီး'တွင် တာဝန်ယူ ဦးစီး ရှာဖွေလုပ်ကိုင်ခဲ့ ပြန်သည် ။

ဒေါက်တာမင်းထင်ကျော်သည် ဗြိတိသျှ ကျွန်းစု (U.K) နှင့် ဒိန်းမတ်နိုင်ငံကြား မြောက်ပင်လယ်၌ (၁၉၄၂) ခုနှစ် ဒုတိယကမ္ဘာစစ်ကြီး အတွင်းတွင် နစ်မြုပ်ခဲ့သော ဗြိတိသျှ စစ်သင်္ဘော အိပ်ချ်-အမ်-အက်စ်အီဒင် ဘာရာကြီးကို တည့်တည့်မတ်မတ် ဆိုက်ဆိုက်မြိုက်မြိုက် အောင်အောင်မြင်မြင် ရှာဖွေတွေ့ရှိ ဆယ်ယူနိုင်ခဲ့၏။ ဒုတိယကမ္ဘာစစ်အတွင်း ယင်းဗြိတိသျှ စစ်သင်္ဘောကြီး အိပ်ချ်-အမ်-အက်စ် အီဒင်ဘာရာကြီးသည် ဆိုဗီယက်၊ ရုရှားနိုင်ငံမှ ရွှေချောင်းတန်ချိန်ပေါင်းများ စွာကို တင်ဆောင်လျက် လန်ဒန်မြို့သို့ အလာ မြောက်ပင်လယ်ရေ အနက်ဆုံးသော နေရာတွင် ဂျာမန်ယူဘုတ်တစ်စင်းမှ ပစ်လွှတ်လိုက်သော တော်ပီတို ထိမှန်ခြင်း ခံခဲ့ရပြီးနောက် နစ်မြုပ်သွားခဲ့သည် ။

ထို ရွှေတန်ချိန်ပေါင်းများ စွာ တင်ဆောင်လာသော သင်္ဘောနစ်မြုပ်သည့် နေရာကို ဒေါက်တာမင်းထင် ကျော်သည် ဒုတိယကမ္ဘာစစ်ကြီး၏ မှတ်တမ်းများ ၊ သတင်းများကို ကိုယ်တိုင် စုဆောင်းထားသူပီပီ ဦးဆောင် ရှာဖွေလိုက်သောအခါ ရွှေချောင်းများ ဒေါ်လာသန်း (၂၀၀) ကျော်ဖိုး ရှာဖွေတွေ့ရှိခဲ့၏။

ရှာတန်ဝီလျံလီမိတက် ကုမ္ပဏီကြီးသည် ဗြိတိသျှ အစိုးရနှင့် ဆိုဗီယက်၊ ရုရှားအစိုးရတို့ အား ရေငုပ် ဆယ်ယူ၍ ရရှိသောပစ္စည်း ရွှေချောင်း

များ ပေါ်တွင် အရပ်ရပ် ကုန်ကျစရိတ်များ အားလုံးနုတ်ပြီးမှ အသားတင် ကျန်ငွေ၏ ၅၅ ရာခိုင်နှုန်းကို နှစ်ဖက်အညီ ခွဲဝေပေးလိုက်၏။ ကျန်ရှိနေသေးသော (၄၅) ရာခိုင်နှုန်း ဖြစ်သည့် ဒေါ်လာသန်းပေါင်း (၈၀) ကျော်ကိုသာ ရှာတန်ဝီလျံလီမိတက် ကုမ္ပဏီက အပိုင်ယူလိုက်သည် ။

မြေပုံအနေအထား ဇယားချ၍ ဦးဆောင်ရှာဖွေပေးခဲ့ရသူ ဒေါက်တာမင်းထင်ကျော်မှာ မူ ဒေါ်လာတစ် သိန်းတိတိသာ ရရှိခဲ့၏။ အမှန်ဆယ်ယူ ရရှိသည့် ဒေါ်လာသန်းပေါင်း (၂၀၀) နီးပါး အနက်မှ မြေပုံအနေအထား ဇယားချ၍ စစ်ပွဲကာလသတင်းကို အကိုးအကားပြု၍ ရှာဖွေရသူ ဒေါက်တာမင်းထင်ကျော်တစ်ယောက် ဒေါ်လာ တစ်သိန်းတိတိသာ ရရှိသည် ကို မကျေမနပ်ဖြစ်ကာ ဆက်မလုပ်တော့ဘဲ ထိုကုမ္ပဏီကြီးမှ အလုပ်ထွက်ခဲ့၏။

ဒေါက်တာမင်းထင်ကျော် မကျေမနပ်ဖြစ်၍ အလုပ်ထွက်သွားသည် ကို သိကြသည် နှင့် ထိုကုမ္ပဏီကြီးမှ ဒါရိုက်တာ လူကြီးများ ၊ အဖွဲ့ဝင်များ အားလုံး လာရောက် တောင်းပန်ကြသော်လည်း ဒေါက်တာမင်းထင်ကျော် လုံးဝ ပြန်မလုပ်ဘဲ ငြင်းပယ်လိုက်၏။

ဒေါက်တာမင်းထင်ကျော်အား အင်္ဂလန်နှင့် အမေရိကန်ပြည်ထောင်စုတို့ မှ ရေအောက်ရတနာသိုက် ရှာဖွေရေးအတွက် မှတ်ပုံတင်ထားပြီးသော ကုမ္ပဏီကြီးပေါင်း (၂၀) ကျော်မှ အသားတင်ရရှိသော တန်ဖိုးငွေပေါ်တွင် (၂၀) ရာခိုင်နှုန်းအထိ ဆုကြေးငွေပေးသွားမည့် အပြင် လစဉ်အတွက် လခမှာ တစ်လလျှင် အမေရိကန် ဒေါ်လာ ၁၀,၀၀၀ (တစ်သောင်း) တိတိ စားစရိတ်၊ နေစရိတ်ငြိမ်း လခပေးပါမည်ဟု အများ အပြားကမ်းလှမ်း ပြောဆိုလာကြသော်လည်း ဒေါက်တာမင်းထင်ကျော်တစ်

ယောက် လုံးဝစိတ်မဝင်စား လက်မခံတော့ဘဲ မြန်မာ နိုင်ငံသို့ပြန်ပြီး စောထီး၊ ငမဲအောင်တို့ ကို လက်ရွေးစင် ရေငုပ်သမားကောင်းဖြစ်ရန် သင်ကြားရင်း ဦးဇန် ကောင်းနှင့် အတူတကွ လေးယောက်သား ရှာဖွေ လုပ်ကိုင်တော့မည်ဟု မင်းထင်ကျော် ဆုံးဖြတ်လိုက်သည် ။

ထိုသို့ ဆုံးဖြတ်ပြီးသည် နှင့် မိမိ၌ ရှိသော ရွှေငွေရတနာများကို ထုခွဲ ပြီး စက်အားကောင်းပြီး ပင်လယ် ပြင်၌ အကြမ်းခံနိုင်သော သင်္ဘော များ ၊ ထိုသင်္ဘောများ ထဲမှာ မြင်းကောင်ရေအား (H.P) ၂၅၀၀ ရှိသည့် ခေတ်မီ ရေယာဉ်တစ်စင်းကိုလည်း ဝယ်ယူခဲ့သည် ။

ထိုရေကန်ကြီးထဲမှာ နောက်ဆုံးပေါ် ခေတ်မီရေကြောင်းဆိုင်ရာ ကိ ရိယာများ အစုံအလင်ပါသည့် အပြင် ရေပေါ်သုံး၊ ရေအောက်သုံး လက် နက်များ နှင့် ခေတ်မီရေဒါများ အစုံအလင် ပါလေသည် ။

ထိုရေယာဉ်ကြီး၏ အမည်ကိုပင် 'ပင်လယ်မင်းသား' ဟု အမည်ပေး ထားလေသည် ။ ဒေါက်တာမင်း ထင်ကျော် ခေါ်ယူထားသော ဦးဇန် ကောင်းသည် အသက်ငါးဆယ်ကျော် အရွယ်ရှိပြီး ပင်လယ်ပြင် အတွေ့ အကြုံ ရင့်ကျက်သူတစ်ဦး ဖြစ်သည် ။ စောထီးနှင့် ငမဲအောင်တို့ က တော့ တစ်ဦးက ကရင်လူမျိုးဖြစ်ပြီး ကျန်တစ်ဦးက ရခိုင်လူမျိုး ဖြစ်ကြ သည် ။

၎င်းတို့ နှစ်ဦးမှာ ရေအောက်၌ ပင်လယ်ဖျံတစ်ကောင်ပမာ အချိန် ကြာမြင့်စွာ နေနိုင်ကြသူများ ဖြစ်ကြ ပြီး ယခုအခါ ခေတ်မီ ရေငုပ်ကိရိ ယာများ နှင့် ငုပ်ရသောအခါ ဆိုဖွယ်ရာ မရှိတော့ပေ။

ထို့ပြင် ဒေါက်တာမင်းထင်ကျော်၏ အဏ္ဏဝါသုတေသနလုပ်ငန်း အတွက် အခြားခေါ်ဆောင်ထားသော အဖွဲ့ဝင်များ စွာတို့ ရှိကြသလို ပင် လယ်မင်းသားအပြင် အခြားအသုံးပြုရန် ဝယ်ယူထားသော သင်္ဘောများ

စွာ လည်း ရှိသေးသည် ။

ထို့အပြင်... သူတို့ အဖွဲ့ထဲတွင် စောဒေဝီ ဟူသော အမျိုးသမီးတစ်ဦး လည်း ပါလေသည် ။

စောဒေဝီသည် တိုင်းရင်းသူ အမျိုးသမီးတစ်ဦးဖြစ်ပြီး အသက် ၂၅နှစ် အရွယ်ခန့်ရှိ လှပချောမောသူ တစ်ဦး ဖြစ်သည် ။

ဒေါက်တာမင်းထင်ကျော်နှင့် တက္ကသိုလ် အတူတက်စဉ်ကပင် ချစ် သူဘဝ ရောက်ခဲ့ကြပြီး မကြာတော့ မည့် ကာလတွင် လက်ထပ်ရန် လည်း တိုင်ပင်ထားကြလေသည် ။

စောဒေဝီသည် ဒေါက်တာမင်းထင်ကျော်ထံတွင် အတွင်းရေးမှူး တာဝန်ကို ယူပြီး ခရီးထွက်ရာတွင် အတူတကွ လိုက်ပါလေ့ရှိသည် ။

ယခုအခါ သူတို့ အဖွဲ့သည် မြစိမ်းတောင်ကျွန်းကြီးပေါ်မှာ အခြေစိုက်စခန်းများ ထား၍ ပင်လယ်ပြင်သို့ အဖွဲ့နှစ်ဖွဲ့ခွဲကာ ရေပေါ် ရေအောက် သုတေသနလုပ်ငန်းများ လုပ်ကိုင်နေသော အချိန်လည်း ဖြစ်သည် ။

တစ်ညတွင် စောဒေဝီသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေစဉ် ထူး ဆန်းသော အိပ်မက်တစ်ခုကို မြင် မက်နေသည် ။ အိပ်မက်ထဲမှာ ရေ အောက်မီးတောင်တစ်လုံးသည် ပေါက်လုကွဲလုဆဲဆဲ ဖြစ်နေလည်း အခြေအနေ ကို မိန်းကလေးတစ်ယောက်က လာရောက်ပြောလေသည် ။ ထိုမိန်းကလေးကို စောဒေဝီအနေနှင့် တစ်ကြိမ် တစ် ခါမှ မြင်တွေ့ဖူး ခြင်း မရှိပေ။

'မင်းက ဘယ်သူလဲ'

'ကျွန်မနာမည်က ပန်းအိဖြူလို့ ခေါ်ပါတယ်'

‘မင်းက ဘယ်မှာ နေတာလဲဟင်’

‘ကျွန်မက မြစိမ်းတောင်ကျွန်းကြီးရဲ့ တောင်ဘက်မှာ ရှိတဲ့ တောင်ကုန်းတစ်ခုပေါ်မှာ အိမ်တစ်လုံးရှိ တယ်။ အဲဒီမှာ အဘိုးနဲ့ နေတယ်၊ ကျွန်မတို့ အိမ်ရှေ့မှာ ဝက်သစ်ချပင်ကြီးတစ်ပင်ရှိတယ်လေ၊ မမ မမှတ်မိဘူး လား’

‘ဟင့်အင်း ငါက ဘာဖြစ်လို့ မှတ်မိရမှာ လဲ’

‘မမနဲ့ ကျွန်မနဲ့ က ဟိုဘဝမှာ တုန်းက ညီအစ်မ တော်ကြတယ်လေ၊ မမနာမည်က ‘ပန်းအိမူ’ ကျွန်မ နာမည်က ပန်းအိဖြူတဲ့ ၊ မမနဲ့ ကျွန်မနဲ့ က ဟိုဘဝတုန်းက အမေဝမ်းထဲကို အတူတူ ဝင်စားခဲ့တဲ့ အမွှာညီအစ်မ တွေပေ့ါ’

‘ဟင်…’

‘ဒါကြောင့် အိမ်ရှေ့က ဝက်သစ်ချပင်ကြီးရဲ့ ပင်စည်မှာ မမနာမည်နဲ့ ညီမလေး နာမည်နှစ်ခု ထွင်းထား တာ အခုတောင်မှ ရှိသေးတယ်၊ မမ မယုံရင် သွားကြည့်ပါလား’

ထိုစကားကြားသောအခါ စောဒေဝီမှာ အံ့ဩနေလေတော့သည် ။ ဘယ်လိုစကားမျိုး ပြန်ပြောရမှန်းပင် မသိအောင် ရှိနေတော့သည် ။

‘အခု ဘာကိစ္စလာတာလဲဟင်’

‘မမတို့ ကို သတိပေးစရာရှိလို့ လာတာပါ’

‘ဘာလဲဟင်’

‘အခု မမတို့ ကျွန်းတစ်ကျွန်းမှာ အလုပ်လုပ်နေကြတယ် မဟုတ်လား၊ အဲဒီကျွန်းရဲ့ အောက်မှာ မီး တောင်ဟောင်း တစ်လုံးရှိတယ်၊ အခု

အဲဒီ မီးတောင်က ပြန်ပြီး အသက်ဝင်နေပြီး မကြာခင် ပေါက်ကွဲတော့မ ယ်၊ အဲဒါကြောင့် မမကို လာပြီး သတိပေးတာပါ’

‘မင်းက အဲဒီအကြောင်းတွေကို ဘယ်လိုသိတာလဲ ဟင်’

‘မမရော ကျွန်မပါ လူဝင်စားတွေလေ၊ ရဋ္ဌဘူတဆိုတဲ့ နဂါးတွေနေ တဲ့ မြေအောက်တစ်နေရာက လာ တာပဲ၊ ရေအောက် မြေအောက်မှာ ဖြ စ်ပျက်နေတာတွေကို အားလုံးမြင်နိုင်တွေ့နိုင်တာပဲ၊ ဒါကြောင့် လာပြီး သတိ ပေးနိုင်တာပေါ့’

ဟု လာရောက်ပြောဆိုကာ တရွေ့ရွေ့နှင့် ပြန်လည်ထွက်ခွာသွား လေတော့သည် ။

စောဒေဝီသည် ထိုမိန်းကလေး ထွက်သွားရာသို့ လှမ်းကြည့်လိုက် တော့ မိမိတို့ အဖွဲ့သားများ သုတေ သန ပြုလုပ်နေသော ကျွန်းကြီးကို မြင်နေရသည် ။

ထိုကျွန်းကြီးပေါ်မှာ နေထိုင်ကြသော ရွာသူရွာသားများ အလုပ်သ မားများမှာ ပုံမှန်အတိုင်း သွားလာ လှုပ်ရှားနေသည် ကိုလည်း မြင်နေရ သည် ။

ထိုကျွန်းကြီး အောက်ဘက်သို့ လှမ်းကြည့်လိုက်တော့ မီးတောင် ဟောင်းကြီး တစ်လုံးအတွင်းမှ ချော်ရည်များ သည် အပေါ်သို့ တဖြည်းဖြည်းနှင့် ပန်းတက်လာသည် ကိုလည်း မြင်နေရသည် ။

‘ဟင်’

ထိုသို့ ချော်ရည်ပူများ ၊ မီးတောက်ကြီးများ အပေါ်သို့ တက်လာနေ သည် ကိုတော့ ကျွန်းပေါ်မှာ ရှိနေသူ များ ဘယ်လိုမှ မသိနိုင်ကြပေ။

စောဒေဝီသည် ဆောက်တည်ရာ မရသော စိတ်ဖြင့် ထိုနေရာသို့

ပြေးသွားရန် စိတ်ကူးလိုက်သော်လည်း စိတ်သွားတိုင်း ကိုယ်မပါနိုင်ဘဲ လူကနေရာမှ တစ်လက်မမှ ရွှေ့မရတော့ပေ။

'အောက်ဘက်မှာ မီးတောင်ကြီး ပေါက်ကွဲတော့မယ်၊ လွတ်ရာကို ပြေးကြပါ၊ လွတ်ရာကို ပြေးကြပါ'

အော်သာ အော်နေသော်လည်း အလကားပင်။

သူမ အော်သံက လည်ချောင်းထဲမှာ ပင် နစ်မွန်းပျောက်ကွယ်သွား လေတော့သည် ။

ထိုအချိန်မှာ ပင် ရေအောက်မှာ ရှိတဲ့ မီးတောင်ကြီးက ပေါက်ကွဲလေရာ ကျွန်းပေါ်သို့ ချော်ရည်ပူများ ၊ ချော်တုံးချော်ခဲများ မီးတောက်မီးလျှံများက နေရာမလပ်အောင် ကျဆင်း လာလေရာ စောဒေဝီနားထဲမှာ စူးစူး ဝါးဝါးနှင့် ကြောက်မက်ဖွယ် ကောင်းလောက်အောင်ပင် ဟစ်အော် လိုက်တော့ ပန်းအိဖြူ၏ အော်သံကို ကြား လိုက်ရလေတော့သည် ။

'အား...'

ထိုအော်သံကြောင့် ပင် စောဒေဝီမှာ အိပ်မက်ဆိုးမှ လန့်နိုး လာလေတော့သည် ။

သူမ လန့်နိုးလာတော့ တစ်ကိုယ်လုံး ဇောချွေးများ ပြန်ကာ ချွေးသီးချွေးပေါက်များ ရွှဲရွှဲစိုလျက် ရှိနေ တော့သည် ။

***